**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၆**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ခံစားနိုင်ရန် အနည်းဆုံးပြည့်မီရန်လိုအပ်သည့် စံသတ်မှတ်ချက်များ**

၁။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုမှ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မခံစားမီ အနည်းဆုံး အောက်ပါစံသတ်မှတ်ချက်များနှင့် ပြည့်မီရမည်-

(က) အဆိုပြုချက်နှင့် အတည်ပြုလျှောက်ထားလွှာတို့တွင် ဖော်ပြထားသည့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ၏ အနည်းဆုံး ၃၅% ကို ငွေသားဖြင့် ထည့်ဝင်နိုင်ခြင်း၊

(ခ) ပြည်ပချေးငွေဖြင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရမည်ဆိုပါက ချေးငွေ ပေးဆပ်မှု အစီအစဉ်ပါဝင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ချေးငွေချေးယူခွင့်ပြုစာ၊ ပြည်ပချေးငွေနှင့် ပြည်ပမှ မတည်ရင်းနှီးငွေများအား ငွေသား (In-Cash) ဖြင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်မှတစ်ဆင့် ဝင်ရောက်ထားကြောင်း အထောက်အထားတင်ပြနိုင်ခြင်း။

၂။ ဤစံသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ မူဝါဒပိုင်းဆိုင်ရာလိုအပ်ချက် အပေါ် မူတည်ပြီး ပြင်ဆင်ဆောင်ရွက်မည်။

မြထွန်းဦး

ဥက္ကဋ္ဌ

စာအမှတ်၊ မရက - ၆/ ၁/ ၂၀၂၆ ( ၀၀၃၅ )

ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

(စိုးမြင့်အောင်)
အတွင်းရေးမှူး